ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်(၅/၂၀၂၆ )

| | |
|---|---|
| ဒေါ်ဇာခြည်လင်းပါ (၆၃၉)ဦး (အလုပ်သမား)<br>(၁) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။<br>၀၉-၆၉၅ ၉၃၅ ၀၈၈ | တောင်းဆိုသူ |

နှင့်

| | |
|---|---|
| Mr. Zhang Junjian (အလုပ်ရှင်)<br>Straightex Co., Ltd (အထည်ချုပ်စက်ရုံ)<br>အမှတ် (၁၀/၄၉)၊ ၄က်ပျောတောလမ်း၊<br>ဝါးတစ်ရာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်။<br>၀၉- ၉၆၁ ၂၇၈ ၉၃၈ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။၂၀၂၆ ခုနှစ်၊ ဇွန်လ ၁ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၀/၄၉)၊ ၄က်ပျောတောလမ်း၊ ဝါးတစ်ရာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်ရှိ Mr. Zhang Junjian(အလုပ်ရှင်) ပိုင်ဆိုင်သော Straightex Co., Ltd (အထည်ချုပ်စက်ရုံ)နှင့် ဒေါ်ဇာခြည်လင်းပါ(၆၃၉)ဦး(အလုပ်သမား)တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့က တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

ကောက်ချက်။ အလုပ်ရှင်က အလုပ်သမား ဒေါ်ဇာခြည်လင်း ပါ (၆၃၉)ဦးကို စက်ရုံအပြီး ပိတ်သိမ်းခဲ့သည့်အတွက် နိုတစ်ကြေးနှင့် အလုပ်ရပ်စဲမှုနစ်နာကြေးများ ပေးရန် သင့်/ မသင့်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၀/၄၉)၊ ၄ကပ်ပျောတောလမ်း၊ ဝါးတစ်ရာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်ရှိ Mr. Zhang Junjian (အလုပ်ရှင်) ပိုင်ဆိုင်သော Straightex Co., Ltd (အထည်ချုပ်စက်ရုံ)နှင့် အလုပ်သမား ဒေါ်ဇာခြည်လင်းပါ(၆၃၉)ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃)ကြိမ်တိုင်တိုင်ညှိနှိုင်းဖြေရှင်းပေးသော်လည်း ပြေလည်မှုမရရှိခဲ့၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ ပေးပို့လာသောအငြင်းပွားမှုဖြစ်ပါသည်။

**စစ်ဆေးတွေ့ရှိချက်**

၄။ အလုပ်သမားများ (၆၃၉)ဦး၏ကိုယ်စား ဒေါ်ဇာခြည်လင်းမှ ထွက်ဆိုတင်ပြရာတွင် အလုပ်သမား(၆၃၉)ဦး၏ လက်မှတ်များမှန်ကန်မှုကို ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း၊ Straightex Co., Ltd (အထည်ချုပ်စက်ရုံ)သည် ၁၈-၂-၂၀၂၆ ရက်နေ့ နေ့လယ် (၁၂:၁၀)နာရီမှ မီးစတင်လောင်ကျွမ်းခဲ့ရာ (၂)ရက်ကြာမှ မီးငြိမ်းသွားခဲ့ပါကြောင်း၊ စက်ရုံရှိ အလုပ်သမားများ ထိခိုက်၊ သေဆုံးမှုမရှိပါကြောင်း၊ မီးမလောင်ခင် ၁-၂-၂၀၂၆ ရက်နေ့မှ ၁၈-၂-၂၀၂၆ ရက်နေ့ထိ အခြေခံလစာ + ထောက်ပံ့ကြေး + ရက်မှန်ကြေး + ကျွမ်းကျင်ကြေးတစ်ဝက်နှင့် OT ကြေးတို့ကို ရရှိခဲ့ပါကြောင်း၊ ကျွန်မတို့ရရှိခဲ့သော အခြေခံလစာမှာ အနည်းဆုံးအခကြေး ငွေကျပ် ၄၈၀၀+ ထောက်ပံ့ကြေး ၃၀၀၀၊ စုစုပေါင်း ၇၈၀၀ ဖြစ်ပါကြောင်း၊ စက်ရုံမှ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ ၅-၃-၂၀၂၆ ရက်နေ့တွင် ပိတ်သိမ်းတင်ထားခြင်းဖြစ်ပါကြောင်း၊ စက်ရုံပိတ်သိမ်းမည်ဆိုပါက ဥပဒေနှင့်အညီ နစ်နာကြေးရရှိလိုပါကြောင်း၊ ခုံသမာဓိအဖွဲ့၏ အဖွဲ့

ခွဲက မေးမြန်းသည့် ရွှေပြည်သာမြို့နယ်၊ ဒေါ်ဖွားရှင်လမ်း၊ စက်မှုဇုန်(၂)ရှိ Myanmar Sunview (အထည်ချုပ်စက်ရုံ)၏ ၁၄-၃-၂၀၂၁ ရက်နေ့၌ မီးလောင်ခဲ့သည်ကို မသိရှိပါကြောင်း၊ အလုပ်ရှင်မှ ညှိနှိုင်းဖျန်ဖြေရေးတွင် (၈/၂၀၂၆)လတွင် ပြန်ဖွင့်မည်ဟုပြောခဲ့ပါကြောင်း၊ မီးလောင်ပြီး (၂/၂၀၂၆)လမှ (၈/၂၀၂၆)လထိ ကြားကာလနစ်နာကြေးမပေးနိုင်ကြောင်းနှင့် ပြန်ဖွင့်လျှင် အလုပ်သမားများကို မူလရာထူး၊ မူလလုပ်သက်အတိုင်း ပြန်ခန့်သည်ဟုပြောခဲ့ကြောင်း၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ခံယူ၍ စက်ရုံပိတ်သိမ်းမည်ဆိုလျှင် ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေးရယူလိုပြီး ပြန်ဖွင့်မည်ဆိုပါက စက်ရုံပိတ်ထားသည့်ကာလ၏ ကြားကာလနစ်နာကြေးများကို ရရှိလိုပါကြောင်း တင်ပြထွက်ဆိုခဲ့ပါသည်။

၅။ အလုပ်ရှင်ကိုယ်စား ဒေါ်မီမီဇော်(HR မန်နေဂျာ)မှ ထွက်ဆိုတင်ပြရာတွင် Straightex Co., Ltd (အထည်ချုပ်စက်ရုံ)သည် ၁-၈-၂၀၂၄ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အလုပ်ရှင်မှ Mr. Zhang Junjian (တရုတ်နိုင်ငံသား) ဖြစ်ပါကြောင်း၊ အလုပ်သမား (၈၇၇)ဦးဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ဘောင်းဘီ၊ စပို့ရှစ်၊ အတွင်းခံဘောင်းဘီတို့ချုပ်လုပ်၍ တရုတ်နိုင်ငံသို့ တင်ပို့ပါကြောင်း၊ ၁၈-၂-၂၀၂၆ ရက်နေ့၊ နေ့လယ်(၁၂:၁၀)နာရီမှ မီးစတင်လောင်ကျွမ်းပြီး မီးသတ်ဦးစီးဌာနက ၁၉-၂-၂၀၂၆ ရက်နေ့၊ နံနက်ပိုင်းတွင် မီးငြိမ်းသည်ဟု သတ်မှတ်ခဲ့ပါကြောင်း၊ သို့သော် စက်ရုံအတွင်း ပိတ်စများတငွေ့ငွေ့လောင်ကျွမ်းမှုသည် (၂)ရက်ကြာမှ ငြိမ်းခဲ့ပါကြောင်း၊ မီးစတင်လောင်ကျွမ်းမှုသည် Iron ဌာနမှ ဝါယာရှော့ဖြစ်ပြီး လောင်ကျွမ်းခဲ့ပါကြောင်း၊ စက်ရုံ၏ ပိတ်လိပ်၊ ပိတ်စဆုံးရှုံးမှုတန်ဖိုးသည် ကျပ်သိန်းပေါင်း(၄၀၀၀)ကျော်ရှိခဲ့ပါကြောင်း၊ (စက်ရုံတန်ဘိုးမပါ) မီးမလောင်ဘဲကျန်ရှိသည် ပိတ်လိပ်၊ ပိတ်စများထဲက ပျက်စီးခဲ့သည့်ပိတ်စတန်ဘိုးများ မတွက်ထားရသေးပါကြောင်း၊ အလုပ်သမားများကို မီးလောင်သည့် ၁၈-၂-၂၀၂၆ ရက်နေ့ထိ လုပ်ခလစာများ ပေးချေပြီးဖြစ်ပါကြောင်း၊ ၎င်းလုပ်ခလစာထဲတွင် အခြေခံလစာ + ထောက်ပံ့ကြေး + ရက်မှန်ကြေး + ကျွမ်းကျင်ကြေးတစ်ဝက်နှင့် OT ကြေးတို့ပါဝင်ပါကြောင်း၊ စက်ရုံရှိ အလုပ်သမားများ ထိခိုက်၊ သေဆုံးမှုမရှိပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၆။ ၅-၃-၂၀၂၆ ရက်နေ့တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနများသို့ စက်ရုံပိတ်သိမ်း

မည်ဟု စာများတင်ပြခဲ့ပါကြောင်း၊ စက်ရုံပြန်လည်ပြုပြင်ရန်ရှိသည့်အတွက် ပိတ်သိမ်းဖြစ်စဉ်ကို တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော် စက်ရုံက ရဲစခန်း၏ အမိန့်ရရှိပြီးလျှင် စက်ရုံကို ပြန်လည်ပြုပြင်၍ (၈/၂၀၂၆)လတွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ထားပါကြောင်း၊ စက်ရုံပြန်လည်ဖွင့်လှစ်ပါက စက်ရုံရှိ အလုပ်သမား (၈၇၇)ဦးကို မူလရာထူး၊ မူလလုပ်သက်အလိုက် အလုပ်ပြန်လည်ခန့်ထားမည်ဖြစ်ပါကြောင်း၊ အလုပ်ရှင်အနေဖြင့် စက်ရုံပြုပြင်ရန်ရှိသည့်အတွက် ပိတ်သိမ်းတင်ထားခြင်းဖြစ်ပါကြောင်း၊ စက်ရုံပြန်လည်ဖွင့်မည်ဖြစ်သည့်အတွက် အလုပ်သမား၏ တောင်းဆိုသည့် စက်ရုံပိတ်သိမ်းခြင်းအတွက် ဥပဒေနှင့်အညီ နစ်နာကြေးကို ပေးချေရန်မရှိပါကြောင်း၊ ယခုတောင်းဆိုသည် အလုပ်သမား(၆၃၉)ဦး၏ စာရင်းမှန်ကန်မှုမသိပါကြောင်း၊ (၂/၂၀၂၆)လတွင် လစာထုတ်သည့်စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း မပြုရသေးပါကြောင်း၊ ခုံသမာဓိအဖွဲ့၏ အဖွဲ့ခွဲက မေးမြန်းခဲ့သည့် ရွှေပြည်သာမြို့နယ်၊ ဒေါ်ဖွားရှင်လမ်း၊ စက်မှုဇုန်(၂)ရှိ Myanmar Sunview (အထည်ချုပ်စက်ရုံ)သည် ၁၄-၃-၂၀၂၁ ရက်နေ့တွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းကို မသိရှိပါကြောင်း၊ ထပ်မံတောင်းဆိုသည့် (၂/၂၀၂၆)လမှ (၈/၂၀၂၆)လထိ ကြားကာလ နစ်နာကြေးပေးရန် ဆန္ဒမရှိပါကြောင်း တင်ပြထွက်ဆိုခဲ့ပါသည်။

**သုံးသပ်ချက်**

၇။ Straightex Co., Ltd (အထည်ချုပ်စက်ရုံ)ကို ၁-၈-၂၀၂၄ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အလုပ်သမား(၈၇၇)ဦးဖြင့် လုပ်ကိုင်ခဲ့ကြောင်း၊ စက်ရုံ၏ သက်တမ်းသည် (၁)နှစ်နှင့် (၅)လ သာရှိပြီး စက်ရုံနှင့် စက်ပစ္စည်းများကို မီးအာမခံ မထားရှိသေးကြောင်း၊ စက်ရုံ၏ မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဘိုးသည် ကျပ်သိန်းပေါင်း(၄၀၀၀)ကျော်ဖြစ်ပြီး အလုပ်သမားများကို ၁၈-၂-၂၀၂၆ ရက်နေ့ထိ လုပ်ခလစာများ ပေးခဲ့ပြီးဖြစ်သည်။ စက်ရုံမီးလောင်မှုကြောင့် ပြန်လည်ပြုပြင်ရန်ရှိသည့်အတွက် ၅-၃-၂၀၂၆ ရက်နေ့တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနများသို့ စက်ရုံပိတ်သိမ်းမည်ဟု စာတင်ထားကြောင်းနှင့် ပြန်လည်ပြုပြင်ပြီးပါက (၈/၂၀၂၆)လတွင် စက်ရုံပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး စက်ရုံရှိ အလုပ်သမား(၈၇၇)ဦးကို မူလရာထူး၊ မူလလုပ်သက်

အတိုင်းဆက်၍လည်းကောင်း၊ ယခင်ရာထူးအတိုင်း ဆက်လက်ခန့်သွားမည်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

၈။ နို့တစ်ကြေး၏ သဘောသဘာဝသည် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်(EC) စာချုပ်၏ အစမ်းခန့်ကာလ အပိုဒ်(၆)တွင် အလုပ်ရှင်မှ အလုပ်သမားအား ဆက်လက်ခန့်ထားနိုင်ခြင်းမရှိ၊ အလုပ်ဆက်လက်လုပ်ကိုင်ရန် တွဲခေါ်ဆောင်ခြင်းမရှိလျှင် တစ်လကြိုတင်နို့တစ်အသိပေးမှုပြုလုပ်ရမည်ဖြစ်ပြီး တစ်လကြိုတင်နို့တစ်မပေးခဲ့လျှင် နို့တစ်ကြေးသဘောဖြင့် တစ်လလုပ်အားခပေးရမည်ဟုပါရှိခြင်းကြောင့် နို့တစ်ကြေးဟု သတ်မှတ်ကြောင်း သုံးသပ်ရရှိပါသည်။

၉။ အလုပ်ရပ်စဲမှုနစ်နာကြေး တောင်းဆိုမှုနှင့်ပတ်သက်၍ ခိုင်လုံသော အကြောင်းပြချက်ရှိမှသာ အလုပ်သမားအား အလုပ်မှထုတ်ပယ်ရခြင်း၊ စက်ရုံတွင် အော်ဒါနည်းပါးမှုကြောင့် အင်အားလျှော့ချခြင်းနှင့် စက်ရုံပိတ်သိမ်းခြင်းတို့ဖြစ်သည့်အခါတွင် လုပ်သက်အလိုက်အလုပ်ရပ်စဲမှုနစ်နာကြေးပေးခြင်းဖြစ်ပါသည်။ အမိန့်ကြော်ငြာစာအမှတ်(၈၄/၂၀၁၅)တွင် အလုပ်ရှင်သည် အလုပ်သမား သို့မဟုတ် အလုပ်သမားများအား အလုပ်ရပ်စဲခြင်းဆိုင်ရာကိစ္စနှင့်ပတ်သက်၍ တဆက်တည်းလုပ်သက်ရှိသူများအတွက် နောက်ဆုံးထုတ်လစာ(အချိန်ပိုကြေးမပါ)ဖြင့် နစ်နာကြေးပေးရမည်ဟု ပါရှိပါသည်။

၁၀။ ယခုစက်ရုံသည် သဘာဝဘေးမီးလောင်မှုကြောင့် အလုပ်ရှင်သည် ကြိုတင်သိရှိခြင်းမရှိသဖြင့် နို့တစ်မပေးထား၍ အမှန်အကန်ရရန်ရှိသည်ဟု ယူဆတောင်းဆိုသည် ဥပဒေပြဋ္ဌာန်းချက်နှင့်မညီသော နို့တစ်ကြေးဖြစ်နေခြင်းနှင့် အလုပ်ရှင်မှ ခိုင်လုံသောအကြောင်းပြချက်ဖြင့် အလုပ်မှထုတ်ပယ်ခြင်းနှင့် စက်ရုံအော်ဒါနည်းပါးခြင်းကြောင့် အင်အားလျှော့ချခြင်း၊ ပိတ်သိမ်းခြင်းတို့မဟုတ်ဘဲ မီးလောင်မှုကြောင့်ဖြစ်သည့်ကိစ္စအတွက် အလုပ်ရပ်စဲမှုနစ်နာကြေးတောင်းဆိုသည့် ဥပဒေအဝန်းအဝိုင်းအတွင်းမရှိခြင်းတို့ သုံးသပ်ရရှိပါသည်။

၁၁။ အလုပ်သမားတောင်းဆိုသည် နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှု နစ်နာကြေးတို့ကို ဆုံးဖြတ်ပိုင်ခွင့်မရှိသော်လည်း သဘာဝဘေးမီးလောင်မှုကြောင့် အလုပ်ရှင်ဘက်မှ ငွေကြေးဆုံးရှုံးမှုများရှိသည်မှာ အမှန်အကန်ဖြစ်ပြီး အလုပ်သမားများမှာလည်း မီးလောင်မှုကြောင့် အလုပ်အကိုင်ရပ်နားပြီး စားဝတ်နေရေးခက်ခဲမှုများရှိနေသည်မှာလည်း အမှန်အကန်ဖြစ်နေခြင်းတို့ကြောင့်

စက်ရုံက စက်ရုံပြန်ပြုပြင်ရန် ပိတ်သိမ်းစာတင်ထားခြင်းအတွက် ခုံသမာဓိအဖွဲ့အနေဖြင့် နှစ်ဖက်မျှသော လူမှုရေးတရားမျှတမှုအရ အလုပ်သမားများအား လူမှုကရုဏာကြေးထောက်ပံ့ ပေးသင့်ကြောင်း သုံးသပ်ရရှိပါသည်။

၁၂။ ၁၄-၃-၂၀၂၁ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်၊ ဒေါ်ဖွားရှင်လမ်း၊ စက်မှုဇုန်(၂)ရှိ Myanmar Sunview (အထည်ချုပ်စက်ရုံ)၏ မီးလောင်မှုကြောင့် အလုပ်သမား(၁၀၆၁)ဦးအား ၂၀-၄-၂၀၂၂ ရက်စွဲဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ (၁၇/၂၀၂၂) သာဓကအရ လူမှုကရုဏာကြေး အဖြစ် အနည်းဆုံးအခကြေးငွေ တစ်ရက် ၄၈၀၀ိ/-ကျပ်၊ တစ်လလုပ်အားလစာ ၁၄၄၀၀၀ိ/- ကျပ်၏ တစ်ဝက် ၇၂၀၀ိ/-ကျပ်(ကျပ်ခုနစ်သောင်းနှစ်ထောင်တိတိ)စီကို ဆုံးဖြတ်သည့်အတွက် ယခု Straightex Co., Ltd (အထည်ချုပ်စက်ရုံ)သည်လည်း မီးလောင်မှုစက်ရုံဖြစ်ခဲ့၍ တောင်းဆိုသည့် ဒေါ်ဇာခြည်လင်းပါ(၆၃၉)ဦးကို အနည်းဆုံးအခကြေးငွေ ၄၈၀၀ိ/-၊ ထောက်ပံ့ကြေး ၃၀၀၀ိ/-၊ စုစုပေါင်းတစ်ရက်လုပ်ခ ၇၈၀၀ိ/-၊ တစ်လလုပ်အားခ လစာငွေ ၂၃၄၀၀၀ိ/-ကျပ်၏ တစ်ဝက် ၁၁၇၀၀၀ိ/-ကျပ်(ကျပ်တစ်သိန်းတစ်သောင်းခုနစ်ထောင်တိတိ)စီ လူမှုကရုဏာကြေး အထောက်အပံ့ ပေးရန်သုံးသပ်ပြီး အောက်ပါအတိုင်းဆုံးဖြတ်သည်-

**ဆုံးဖြတ်ချက်။** အလုပ်သမား ဒေါ်ဇာခြည်လင်းပါ(၆၃၉)ဦးအား လူမှုကရုဏာကြေးအထောက်အပံ့အဖြစ် တစ်ဦးလျှင် ၁၁၇၀၀၀ိ/-ကျပ်စီ ပေးရန် ဆုံးဖြတ်သည်။

**မှတ်ချက်။** (၂/၂၀၂၆)လတွင် (၁၈)ရက်စာထုတ်ယူခဲ့သော အလုပ်သမားတစ်ဦးစီ၏ လက်မှတ်နှင့် တိုက်စစ်ဆေးပြီးမှ ထုတ်ပေးရန် ဆုံးဖြတ်သည်။

**ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။**

၁၃။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(မင်းရဲဇော်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရီဦး)
အဖွဲ့ဝင်

(ဒေါ်ကျင့်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ကျော်ညွန့်)
အဖွဲ့ဝင်

ခွင့်
(စောတင်)
အဖွဲ့ဝင်

(စိုးလွင်)
အဖွဲ့ဝင်

(ငြိမ်းမောင်)
အဖွဲ့ဝင်